**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

စာအမှတ်၊ ၁၀၀/၂(၃)( ၃၈၇၆ )/လဝန

ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်

သို့

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

အကြောင်းအရာ။ **မြန်မာ-ထိုင်း နယ်စပ် ဝင်/ထွက်ပေါက်များ ဖွင့်လှစ်မှုကိစ္စ တင်ပြခြင်း**

ရည်ညွှန်းချက် ။ (၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၁၀-၄-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၀၀/၂(၃)(၂၃၃၃)/လဝန

(၂) နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၁၈-၇-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၄၆ ၁၁ ၁၁ (၃၃၁၂)

၁။ မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်နေသော အိမ်နီးချင်း (၅)နိုင်ငံအနက် ပထမအဆင့်အနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ရရှိနေပြီဖြစ်သော မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက် လက်ရှိ ဝင်/ထွက်ခွင့်ပြုနေသည့် တရားဝင် ဝင်/ထွက်ပေါက် (၃)ခုအပြင်၊ ဘုရားသုံးဆူ-ဆန်ကလာပူရီ၊ ထီးခီး-ဖူနာရွန်နှင့် မော်တောင်-ပရာကျွတ်ကရီခန် ဝင်/ထွက်ပေါက် (၃)ခုအား ထပ်မံတိုးမြှင့် ဖွင့်လှစ်လိုပါကြောင်း ၁၉၉၇ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် သဘောတူညီချက်စာချုပ် (MOU)အရ နှစ်နိုင်ငံညှိနှိုင်း ဆောင်ရွက်မည် ဖြစ်ပါကြောင်း ရည်ညွှန်းစာ(၁)ဖြင့် တင်ပြချက်အပေါ် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

၂။ နယ်စပ်ဂိတ်များ တိုးမြှင့်ဖွင့်လှစ်ရေးနှင့် လွယ်ကူလျင်မြန်စွာ ဝင်/ထွက်ခွင့် ရစေရေးတို့အတွက် စနစ်သစ်ဖြင့် ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်တို့အား အသေးစိတ်ညှိနှိုင်းခဲ့ရာ ရည်ညွှန်း(၂)ပါစာအရ နှစ်နိုင်ငံသဘောတူညီချက်ရရှိပြီးဖြစ်ပါသည်၊

၃။ အထက်ပါ မြန်မာ-ထိုင်းနှစ်နိုင်ငံ ညှိနှိုင်းသဘောတူညီချက်အရ အောက်ဖော်ပြပါ နယ်စပ်ဂိတ် ဝင်/ထွက်ပေါက်(၄)ခုအား အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက် အဖြစ်သတ်မှတ်၍ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်နှင့် ပြည်ဝင်ဗီဇာပါရှိသူ မြန်မာ-ထိုင်းနှစ်နိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား (၂၈-၈-၂၀၁၃) ရက်နေ့ နံနက် (၀၈း၀၀) နာရီမှစတင်၍ ဝင်/ထွက်ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံအခြေစိုက် သံရုံးများအပါအဝင် သက်ဆိုင်ရာများသို့ ဆက်လက်အကြောင်းကြားနိုင်ရေး အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန သို့လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံခြားခရီးသွား

©2013 Enterprise (SECT) ... Myanmar-Thai New Gates.doc

အေဂျင်စီများ၊ ခရီးသွားကုမ္ပဏီများ သိရှိနိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနသို့ လည်းကောင်းလိပ်မူပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ မိတ္တူပေးပို့၍ ကြိုတင်အသိပေး ညှိနှိုင်းအကြောင်းကြား ထားပြီးဖြစ်ပါသည် -

(က) တာချီလိတ် - မယ်ဆိုင်

(ခ) မြဝတီ - မဲဆောက်

(ဂ) ကော့သောင်း - ရနောင်း

(ဃ) ထီးခီး - ဖူနာရွန်

၄။ ဖော်ပြပါ ဝင်/ထွက်ဂိတ်များမှ ဝင်ရောက်လာသူများအား မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ လေဆိပ်များအပါအဝင်၊ ရှင်းဝင်/ထွက်ပေါက် (၄)ခုအနက် မည်သည့် ဝင်/ထွက်ပေါက်မှမဆို ပြန်လည် ဝင်/ထွက်ခွင့်ပြုမည်ဖြစ်ပါသည်။ သတ်မှတ်အခနှုန်းထားများမှာ ယခင်သတ်မှတ်နှုန်းထားများ အတိုင်း ပင်ဖြစ်ပြီး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သတ်မှတ်ထားသော ကန့်သတ်နယ်မြေများမှအပ မည်သည့်နေရာသို့မဆို သွားရောက်လည်ပတ်ခွင့် ပြုမည်ဖြစ်ပါသည်။

၅။ လတ်တလောအခြေအနေအရ အဆိုပါ ဝင်/ထွက်ပေါက်(၄)ခုတွင် ဆိုက်ရောက်ဗီဇာ ခွင့်ပြုပေးခြင်း မပြုသေးဘဲ သိကောင်းစရာ အသေးစိတ်အချက်အလက်များအား သက်ဆိုင်ရာဌာနများနှင့် သံရုံးများ သို့အသိပေးအကြောင်းကြားထားသည့်အပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန Website တွင်လည်း လွှင့်တင်ကြေညာထားပြီး ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ခင်ရီ
ပြည်ထောင်စုဝန်ကြီး

မိတ္တူကို

နိုင်ငံတော်သမ္မတရုံး

နိုင်ငံခြားရေးဝန်ကြီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ရုံးလက်ခံ

မျှော